မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 4 , 2025 Volume 87 , Number 2

၄.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၆၇.၆၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၅.၉၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၇.၈၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၂.၄၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၆၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၈၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၀၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၁၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် နဂါးမောက်သီးစိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြသည်။

ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများကို ဇန်နဝါရီလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် နဂါးမောက်သီး အလုံးရေ ၁၀၀ လျှင် ကျပ် ၁၅၀,၀၀၀ ထိ ပေါက်ဈေးရှိပြီး ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေကြောင်း သိရသည်။ “ရေကြည်မြို့နယ်မှာက နဂါးမောက်သီးတွေကို အော်ဂဲနစ်နည်းနဲ့ စိုက်ပျိုးထုတ်လုပ်နေပါတယ်။ အော်ဂဲနစ်နည်းစနစ်နဲ့ စိုက်ထားတဲ့အတွက် နဂါးမောက်သီးတွေက ရက်ရှည်အထားခံပါတယ်။ အရသာလဲ ထူးခြားတယ်။ ဈေးကွက်မှာလဲ ရောင်းပန်းလှသလို ဝယ်ယူသူတွေကလဲ ရိုးရိုးအသီးနဲ့ယှဉ်ရင် ပိုကြိုက်နှစ်သက်ပါတယ်။ ရေကြည်ဘက်မှာက လက်ရှိကာလဟာ နဂါးမောက်သီးတွေ စတင်ထွက်ရှိနေပြီးဖြစ်ပါတယ်။ ထွက်ရှိနေတဲ့ နဂါးမောက်သီးတွေကို ဒေသဈေးကွက် အပြင် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်”ဟု သိရသည်။

ရေကြည်မြို့နယ်တွင် အော်ဂဲနစ်နည်းဖြင့် တောင်သူတစ်ဦးလျှင် နဂါးမောက်သီး တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြပြီး စိုက်နည်းစနစ်များကို ဒေသခံလုပ်ငန်းရှင်များ၊ တောင်သူများ၊ စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်းစိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ်ကောင်းမွန်နေသဖြင့် လာမည့် ဆောင်းကာလတွင် နဂါးမောက်သီးဧကေ ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

https://myantrade.gov.mm/article/naypyitaw_322025_1215

## မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ပဲစင်းငုံနီများ ဆက်လက်ရောင်းအားကောင်းလျက်ရှိ



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ပဲစင်းငုံနီသီးနှံများကို ချောက်ကန်၊ မန်ကျည်းကိုးပင်၊ အင်ပင်၊ ကန်လှ၊ ဒဟက်ချောက်၊ ကန်တိန်၊ ကန်ရပ်၊ သမင်အုပ်စသည့် ကျေးရွာများတွင် သီးထပ်သီးညှပ်အဖြစ် အဓိက စိုက်ပျိုးလုပ်ကိုင်ကြပြီး လက်ရှိအချိန်အထိ တောင်သူလက်ကျန်များပြားကာ ဆက်လက်ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သက်ကြီး၊ သက်လတ် အမျိုးအစား ပဲစင်းငုံနီသီးနှံများကို သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးကြပြီး ပခုက္ကူကုန်စည်ဒိုင်သို့ ယခုနှစ် ဇန်နဝါရီလမှစတင်ပြီး ပဲစင်းငုံနီသစ်များ နေ့စဉ်အိတ်ရေပေါင်း ၃၀၀ မှ ၁၂၀၀ အကြား ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ ဝယ်ယူမှုရှိနေခြင်းတို့ကြောင့် နေ့စဉ်အိတ်ရေပေါင်း ၇၀ မှ ၇၀၀ အထိ ဆက်လက်အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ပခုက္ကူကုန်စည်ဒိုင်ထံမှ သိရသည်။

ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီအပါအဝင် ကုလားပဲအမျိုးမျိုး၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲဇီးကွက်၊ ပဲလွန်းပြာ၊ ပဲယင်းဝါနှင့် နှမ်းမျိုးစုံသီးနှံများ နေ့စဉ် အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိပြီး ဒေသတွင်းထွက်ရှိသည့် ပဲစင်းငုံသီးနှံကို ရန်ကုန်(ဘုရင့်နောင်ပွဲရုံ) ရန်ကုန် ရွှေပြည်သာနှင့် ပြည်ပနိုင်ငံများဖြစ်သော တရုတ်နှင့်အိန္ဒိယနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

https://myantrade.gov.mm/article/naypyitaw_322025_140

## ပဲဖတ် ဈေးကွက်မြင့်တက်လာသလို နှမ်းဖတ်၊ နေကြာဖတ်၊ မုန်ညင်းဖတ်ဈေးတွေတက်လာ




ပြည်တွင်းဆီထွက်သီးနှံဈေးကွက်မှာ ပဲဖတ်ဈေးကွက်မြင့်တက်လာမှုနဲ့အတူ နှမ်းဖတ်၊ နေကြာဖတ်နဲ့မုန်ညင်းဖတ် ဈေးကွက်လည်းမြင့်လာပြီး ဈေးနှုန်းတွေ မြင့်တက်လာကာ ဈေးကောင်းရနေတယ်လို့ ကုန်သည်တွေဆီက သိရပါတယ်။

မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းသီးနှံတွေကို ဆီကြိတ်ခွဲရာမှ ထွက်ရှိ လာတဲ့ ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်နဲ့ မုန်ညင်းဖတ်တွေကို မွေးမြူရေး အစာအဖြစ် ငါးမွေးမြူရေးလုပ်ကိုင်သူတွေနဲ့ မွေးမြူရေးအစာစပ်စက်ရုံတွေက ဝယ်ယူမှုရှိနေတာကြောင့် ဈေးကွက်ကမြင့်တက်လာနေတာဖြစ်တယ်လို့ သိရပါတယ်။

"ပဲဖတ်ဆိုတာက မြေပဲဖတ်ကိုပြောတာ၊ သူကတော့ ဈေးကွက် အမြင့်ဆုံးပဲ၊ ဝယ်လိုအားကောင်းနေတော့ ဈေးတန်းက တော်တော်ကိုမြင့်လာတာပါ၊ ပဲဖတ်နောက်ကတော့ နှမ်းဖတ်ပါ၊ သူကတော့ နှမ်းဖတ်ချဉ်အဖြစ်လည်း လူတွေစားသုံးကြတယ်"လို့ မြေပဲဖတ်ရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးကပြောပါတယ်။

ပဲဖတ်ဈေးကောင်းတာကြောင့် မြေပဲဆီကြိတ်ခွဲရောင်းချသူ ပိုများလာပြီး နှမ်းဖတ်၊ မုန်ညင်းဖတ်၊ နေကြာဆီကတော့ သုံးစွဲမှုနှုန်း သိပ်ပြီးကျယ်ပြန့်ခြင်းမရှိသေးတဲ့အတွက် ရောင်းလိုအား ဝယ်လိုအားပုံမှန်သာရှိပေမဲ့လည်း ဈေးကွက်ကတော့ မြင့်လာတယ်လို့သိရပါတယ်။

လက်ရှိမန္တလေးကုန်စည်ဒိုင်ဈေးကွက်မှာ ပဲဖတ်ဈေးက တစ်ပိဿာကို ၆၅၀၀ မှ ၆၆၀၀ ကျပ်၊ နှမ်းဖတ် တစ်ပိဿာကို ၄၇၀၀ မှ ၄၇၅၀ ကျပ်၊ မုန်ညင်းဖတ် တစ်ပိဿာကို ၄၃၀၀ မှ ၄၄၀၀ ကျပ်နဲ့ နေကြာဖတ် ၃၆၀၀ မှ ၃၇၀၀ ကျပ်အထိ ရှိလာတယ်လို့သိရပါတယ်။ "ပြည်တွင်းမှာက မြေပဲနဲ့နှမ်းကိုပဲ အများဆုံးစိုက်ကြတာလေ၊ ကျန်တဲ့ နေကြာဆိုတာလည်း အတော်နည်းသေးတယ်၊ ခုမှတိုးစိုက်လာနေတဲ့အဆင့်ပဲရှိတယ်၊ ဒါပေမဲ့ သူတို့လည်း အခုဈေးတက်ပါတယ်၊ နေကြာဖတ်ဆိုအရင်က ၃၀၀၀ တစ်ပတ်လည်ရှိတာလေ၊ မုန်ညင်းဆိုလည်း ၃၀၀၀ တ စ်ပတ်လည်ပဲရှိတာကနေ အခုဆို ၄၀၀၀ ကျော်လာတာပေါ့"လို့ ကုန်သည်တစ်ဦးက ပြောပါတယ်။

ပဲဖတ်ထွက်တဲ့ မြေပဲကိုတော့ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နဲ့ ရှမ်းပြည်နယ်မှာ အဓိကစိုက်ပျိုးကြပြီး နေကြာကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ရှမ်းပြည်နယ်က တောင်သူအချို့သာ စိုက်ပျိုးမှုရှိကြပါတယ်။

နှမ်းသီးနှံကိုတော့ မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းမှာ အဓိကအများဆုံးစိုက်ပျိုးကြ ပေမဲ့ ကုန်ကြမ်းသာ ရောင်းချသူရှိသလို ဆီကြိတ်ခဲ့ရောင်းချပြီး နှမ်းဖတ်ကိုလည်း ရောင်းဝယ်ကြတာဖြစ်တယ်လို့ သိရပါတယ်။

မြေပဲဆီဈေးကတော့ မန္တလေးဈေးကွက်မှာ ၁၅,၀၀၀ မှ ၁၆,၀၀၀ ကျပ်၊ နှမ်းဆီက ၁၄,၀၀၀ မှ ၁၄,၅၀၀ ကျပ်၊ နေကြာဆီနဲ့ မုန်ညင်းဆီကတော့ ဈေးတန်းဖွင့်ထားခြင်းမရှိပါဘူး။

**Source: AMIA**

**Myanma Awba**

## ယခုနှစ် ဈေးကောင်းရရှိသောကြောင့် ဆီးတစ်ကေလျှင် ကျပ်သိန်း ၁၀၀ ခန့် အမြတ်ရရှိ



ယခုနှစ် ဈေးကောင်းရရှိသောကြောင့် ဆီးတစ်ကေလျှင် ကျပ်သိန်း ၁၀၀ ခန့် အမြတ်ရရှိကြောင်း ဆီးခြံပိုင်ရှင်များထံကသိရသည်။ စဉ့်ကိုင် မြို့နယ် နတ်ရေကန်ကျေးရွာမှ ဆီးသီးစိုက်တောင်သူများအနေဖြင့် ယခုနှစ် ဆီးသီး ရာသီချိန်တွင် ဈေးကောင်းရရှိကြောင်း၊ အသီးအထွက်နှုန်းလည်း တစ်ကေလျှင် ဆီးသီးဖာ ၁၀၀၀ ခန့်ထွက်ရှိသဖြင့် စိုက်ပျိုး စရိတ် တစ်ကေ ကျပ် ၂၅ သိန်း ကုန်ကျပြီး ဆီးသီးတင်ပို့ ထုပ်ပိုးစရိတ် နုတ်လိုက်ပါက တစ်ကေလျှင် ကျပ် သိန်း ၁၀၀ ခန့် အနည်းဆုံးကျန်ရှိကြောင်း နတ်ရေကန်ကျေးရွာမှ ဆီးသီးစိုက် တောင်သူ ဦးမျိုးသက်အောင်က ပြောသည်။

“ဒီနှစ်က ဆီးသီးကို ရွာအထိ လာဝယ်နေပါတယ်။ တစ်ဖာကို ကျပ် ၁၈,၅၀၀ ထိ ဈေးကောင်းပေးဝယ်နေပါတယ်။ ဆီးပုလဲ အသေးဆိုဒ်လေးတွေပါတယ်။ အကြီးဆိုဒ်တွေက တစ်ဖာ ကျပ် ၃၀,၀၀၀ ပေးဝယ်ပါတယ်။ အဓိက ရန်ကုန်ဈေးကွက်ကို တင်ပို့နေပါတယ်။ ဒီနှစ်က ဆီးသီးဈေးကောင်းရတဲ့နှစ်လို့ပြောရမယ်။ ဆီးခြံပြင်ဆင်စရိတ်ကနေ ဝါးဈေး၊ လုပ်သားခ၊ ဆေးဖျန်း စရိတ်၊ ဆွတ်ခူးချိန်ထိ စိုက်ပျိုး စရိတ် ကျပ် ၂၅ သိန်းလောက် ကုန်ပါတယ်။ တစ်ကေကို ဆီးသီးအရွယ်စုံ ဂျပ်ဖာ ၁၀၀၀ လောက် ထွက်ပါတယ်။ ဒီနှစ် ဈေးကောင်း ရတော့ ဆီးတစ်ကေကို ကျပ် သိန်း ၁၀၀ လောက် အမြတ်ကျန်ပါတယ်”ဟု ၎င်းကပြောသည်။

ယခုနှစ် ဆီးသီးထွက်ရှိချိန်တွင် တရုတ်နှစ်သစ်ကူးကာလနှင့် တိုက်ဆိုင်ခြင်း၊ ဆီးသီးစိုက်ပျိုးရာ နယ်အချို့တွင် ခြံမပြင်ဆင်နိုင်ခြင်းကြောင့် အထွက်နှုန်း လျော့ကျခြင်းများကြောင့်လည်း မန္တလေးဒေသမှထွက်ရှိသည့် ဆီးသီးများမှာ ဈေးကောင်းရရှိနေခြင်းဖြစ်သည်။ ဆီးသီးကို မန္တလေးဒေသတွင် ပုသိမ်ကြီးမြို့နယ်၊ စဉ့်ကိုင်ဒေသ၊ ကျောက်ဆည်၊ မြစ်သား ဒေသများထွက်ရှိသည့် ဆီးပန်းသီးများကို အဓိကစိုက်ပျိုးကြပြီး ရန်ကုန်၊ နေပြည်တော်သို့ အများဆုံးတင်ပို့ကြကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ၂၀၂၄ ခုနှစ်အတွင်း ၄၉ နိုင်ငံကို ဆန်၊ ဆန်ကွဲတန်ချိန် ၂ ဒသမ ၇ သန်းကျော် တင်ပို့ခဲ့ပြီး နယ်စပ်မှ ၂ ရာခိုင်နှုန်းသာ တင်ပို့ထားနိုင်



၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ နိုင်ငံပေါင်း ၄၉ နိုင်ငံကို ဆန်၊ ဆန်ကွဲတန်ချိန် ၂ ဒသမ ၇ သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ရဲ့ ၂၀၂၄ ခုနှစ် ပို့ကုန်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အဆိုပါ ဆန်၊ ဆန်ကွဲတွေကို ကုမ္ပဏီ ၁၀၃ ခုကနေ တင်ပို့ခဲ့တာ ဖြစ်ပြီး အဲဒီကနေ အမေရိကန်ဒေါ်လာ ၁၃၃၁ ဒသမ ၈၉၉ သန်း ရရှိခဲ့တယ်လို့ ထုတ်ပြန်ချက်အရ သိရပါတယ်။

ဆန်၊ ဆန်ကွဲအမျိုးအစား ၈ မျိုးကို ပြည်ပဈေးကွက်ထံ တင်ပို့ ရောင်းချခဲ့ပြီး အဲ့ဒီအထဲမှာ ၅ မှတ်ဆန်တွေက တန်ချိန် ၉၄၉,၀၆၆ တန်၊ တန်ဖိုးအားဖြင့် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၁၅ သန်းကျော်အထိ အများဆုံး ရရှိခဲ့ပါတယ်။

မြန်မာ့ဆန်ဝယ်ယူတဲ့ နိုင်ငံပေါင်း ၄၅ နိုင်ငံထဲမှာ အင်ဒိုနီးရှားနိုင်ငံက တန်ချိန် ၆၉၄,၆၁၈ တန်နဲ့ အများဆုံး ဝယ်ယူထားပြီး ထိပ်သီးဆန်ဝယ်လက်နိုင်ငံတွေထဲမှာတော့ ဒေသတွင်းက တရုတ်နဲ့ဖိလစ်ပိုင်နိုင်ငံတွေ ပါဝင်လျက်ရှိပါတယ်။

ဆန်ကွဲဝယ်လိုအားရှိတဲ့ နိုင်ငံ ၂၉ နိုင်ငံထဲမှာတော့ ဘယ်လ်ဂျီယံနိုင်ငံက တန်ချိန် ၃၅၂,၅၉၃ တန်အထိ အများဆုံးဝယ်ယူထားပြီး တရုတ်၊ အင်ဒိုနီးရှား၊ ဆီနီဂေါ၊ ဗီယက်နမ်စတဲ့ နိုင်ငံတွေဟာ ထိပ်တန်းဝယ်လက်တွေ ဖြစ်နေပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ မှတ်တမ်းတွေအရ ဆန်၊ ဆန်ကွဲတင်ပို့မှုစုစုပေါင်းရဲ့ ၉၈ ရာခိုင်နှုန်းကို ပုံမှန်ကုန်သွယ်ရေးဖြစ်တဲ့ ပင်လယ်ရေကြောင်းကနေ တင်ပို့နိုင်ခဲ့တာဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးကနေ တင်ပို့မှုစုစုပေါင်းရဲ့ ၂ ရာခိုင်နှုန်းပဲ ရောင်းချနိုင်ခဲ့ပါတယ်။

**Source: BETV Business**

## ၂၀၂၄ ခုနှစ်၌ အိန္ဒိယ၏ ပဲမျိုးစုံတင်သွင်းမှု တန်ချိန် ၆၆ သိန်းကျော်ဖြင့် စံချိန်တင်မြင့်တက်

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ပဲမျိုးစုံတင်သွင်းမှုကိုမြင့်တင်ခဲ့ရာ ၂၀၂၄ ပြက္ခဒိန်နှစ်အတွင်း စုစုပေါင်းတန်ချိန် ၆၆ ဒသမ ၃၃ သိန်းခန့်ဖြင့် နှစ်ဆခန့်တိုးတက်လျက် စံချိန်တင် မြင့်တက်ခဲ့ကြောင်း The Hindu Business Line သတင်းဌာနက ဖော်ပြသည်။

ပြည်တွင်း၌ ပဲမျိုးစုံစိုက်ပျိုးထွက်ရှိမှု ကျဆင်းခဲ့မှုအရ ဝယ်လိုအားအပိုင်းကိုမြင့်တင်လျက် ဈေးနှုန်းများ တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ရန်အတွက် အချို့သော ပဲမျိုးများတင်သွင်းမှုအပေါ် အိန္ဒိယအစိုးရက အကောက်ခွန် ကင်းလွတ်ခွင့်ပြုခဲ့အပြီးတွင် ထိုကဲ့သို့ တင်သွင်းမှု မြင့်တက်လာခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်၌ ကုလားပဲထွက်ရှိမှု ကျဆင်းနိုင်ဖွယ်ရှိသည့် အခြေအနေအရ အစိုးရသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် စားတော်ပဲသွင်းကုန်အပေါ် အကောက်ခွန်ကင်းလွတ်ခွင့်ပေးခဲ့သည်။ သို့ဖြစ်ရာ ၂၀၂၄ ခုနှစ်အတွက် ပဲမျိုးစုံတင်သွင်းမှုတွင် စားတော်ပဲသည် တန်ချိန် ၂၉ ဒသမ ၆၈ သိန်းခန့်ဖြင့် အများဆုံးဖြစ်ပြီး ၎င်းနှစ်အတွင်း အကြိမ်ကြိမ် သက်တမ်းတိုးမြှင့်ပေးခဲ့သော စားတော်ပဲ အကောက်ခွန်လွတ်တင်သွင်းခွင့်သည် ၂၈-၂-၂၀၂၅ ရက်၌ ကုန်ဆုံးမည်ဖြစ်သည်။

၂၀၂၄ ခုနှစ်အတွင်း အိန္ဒိယ၏ ပဲမျိုးစုံတင်သွင်းမှုတွင် ပဲစင်းငုံ တန်ချိန် ၁၂ ဒသမ ၃၃ သိန်းနှင့် မတ်ပဲတန်ချိန် ၇ ဒသမ ၆၅ သိန်းရှိမည်ဟု ခန့်မှန်းရကြောင်း၊ ပဲနီလေးတင်သွင်းမှုမှာ ၂၀၂၃ ခုနှစ်၌ တန်ချိန် ၁၆ ဒသမ ၈၁ သိန်းရှိရာမှ ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၁၀ ဒသမ ၉၃ သိန်းခန့်သို့ ကျဆင်းခဲ့ကြောင်း၊ ကုလားပဲတင်သွင်းမှုမှာမူ ၄ ဆခန့် မြင့်တက်ပြီး တန်ချိန် ၅ ဒသမ ၇၄ သိန်းခန့်ရှိနိုင်ကြောင်း သိရသည်။

ယခင်ကာလများ၌ ပြက္ခဒိန်တစ်နှစ်အတွင်း ပဲတင်သွင်းမှုအများဆုံးအဖြစ် စံချိန်တင်ခဲ့မှုမှာ ၂၀၁၇ ခုနှစ်တွင် စားတော်ပဲတန်ချိန် ၃၁ ဒသမ ၀၃ သိန်း အပါအဝင် ပဲမျိုးစုံတန်ချိန် ၆၂ ဒသမ ၇၄ သိန်း တင်သွင်းခဲ့ခြင်းဖြစ်သည်။

IGrain India ကုမ္ပဏီမှ လုပ်ငန်းရှင် Rahul Chauhan က ၎င်းတို့အနေဖြင့် ၂၀၂၄ ပြက္ခဒိန်နှစ်အတွင်း ပဲမျိုးစုံကို စံချိန်တင် တင်သွင်းနိုင်ခဲ့ကြောင်း၊ အိန္ဒိယ၏ ပဲမျိုးစုံကို ပြည်ပမှတင်သွင်းရမှုအပေါ် မှီခိုနေရခြင်းသည် ပြည်တွင်း ထုတ်လုပ်မှုကျဆင်းသည့် နှစ်ကာလများ၌ဖြစ်ပေါ်လေ့ရှိကြောင်း၊ ယခုအခါ ပြည်တွင်း၌ ပဲစားသုံးမှု လိုအပ်ချက် ဖြစ်သော ပဲမျိုးစုံတန်ချိန် သိန်း ၂၇၀ ခန့်အနက် ၂၄ ဒသမ ၅၇ ရာခိုင်နှုန်း သို့မဟုတ် လေးပုံတစ်ပုံခန့်ကို ပြည်ပမှ တင်သွင်းရခြင်းဖြစ်ကြောင်း၊ ယခု တင်သွင်းခဲ့သော ပဲမျိုးစုံပမာဏသည် ၄ လတာ စားသုံးမှုနှင့်ညီမျှကြောင်း ပြောကြားခဲ့သည်။

**Source: The Hindu Business Line, 26 January, 2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/30821

## ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် နိုင်ငံနှင့်ဒေသပေါင်း ၁၆၀ ကျော်အထိ မြင့်တက်လာ

၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံမှ ပို့ကုန်တင်ပို့မှုသည့် နိုင်ငံနှင့်ဒေသပေါင်း ၁၆၀ ကျော်ရှိခဲ့ပြီး ယခင်နှစ်ကထက် တိုးတက်ခဲ့ကြောင်း တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) ၏ အချက်အလက်အရ သိရသည်။

တရုတ်နိုင်ငံ၏ ပို့ကုန်သည် တစ်နှစ်ထက်တစ်နှစ် ၇ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယွမ် ၂၅ ဒသမ ၄၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၅ ထရီလီယံခန့်)သို့ ရောက်ရှိခဲ့ကာ ၈ နှစ်ဆက်တိုက် တိုးတက်မှုရရှိခဲ့ကြောင်း GACC က ထုတ်ပြန်ခဲ့သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ဘရာဇီးလ်၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဆော်ဒီအာရေးဗီးယားနိုင်ငံများသို့ တင်ပို့မှုမှာ တစ်နှစ်ထက်တစ်နှစ် ၂၃ ဒသမ ၃ ရာခိုင်နှုန်း၊ ၁၉ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၁၈ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း၊ အာဆီယံနိုင်ငံများနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(Belt and Road Initiative)တွင် ပါဝင်သည့်နိုင်ငံများသို့ ပို့ကုန်တင်ပို့မှုသည် ၁၃ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၉ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် ဥရောပသမဂ္ဂနှင့် အမေရိကန်ဈေးကွက်များသို့ တင်ပို့မှုမှာ ၄ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၆ ဒသမ ၁ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ကြောင်း သိရသည်။

မသေချာမရေရာမှုများနှင့် စိန်ခေါ်မှုများမြင့်တက်လာလျက်ရှိသော်လည်း တရုတ်နိုင်ငံ၏ ပို့ကုန်များသည် လက်ရှိမူဝါဒများနှင့် ထပ်တိုးမူဝါဒများ နှစ်ခုစလုံး၏ ပံ့ပိုးပေးမှုကြောင့် ဆက်လက်ခံနိုင်ရည်ရှိနေမည်ဟု မျှော်လင့်ထားကြောင်း GACC မှ အရာရှိတစ်ဦးဖြစ်သူ Lyu Daliang က ပြောကြားခဲ့သည်ဟု သိရသည်။

**Source: en.people.cn/n3/2025/0201/c90000-20271899.html**

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/article/npt-322025330

## အမေရိကန်သို့ တင်သွင်းသော တရုတ်ကုန်ပစ္စည်းများအား စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်း ထပ်တိုးကောက်ခံမှုအပေါ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူပြောကြား

အမေရိကန်သို့ တင်သွင်းသော တရုတ်ကုန်ပစ္စည်းများအား စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်း ထပ်တိုးကောက်ခံလိုက်ကြောင်း အမေရိကန်ဘက်က ကြေညာခဲ့ခြင်းနှင့်စပ်လျဉ်း၍ သတင်းထောက်များ၏ မေးမြန်းမှုကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၂ ရက်တွင် ပြန်လည်ဖြေကြားခဲ့သည်။

အမေရိကန်အရှေ့ပိုင်းစံတော်ချိန် ဖေဖော်ဝါရီ ၁ ရက်တွင် အမေရိကန်သို့တင်သွင်းသော တရုတ်ကုန်ပစ္စည်းများအား စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်း ထပ်တိုးကောက်ခံလိုက်သည်ဟု အမေရိကန်ဘက်က ကြေညာခဲ့ကြောင်း၊ ထို့အပေါ် တရုတ်နိုင်ငံအနေဖြင့် မည်သို့သုံးသပ်ပြောကြားလိုပါသနည်းဟု သတင်းထောက်တစ်ဦးက မေးမြန်းခဲ့ခြင်းဖြစ်သည်။ အမေရိကန်အနေဖြင့် ဖန်တာနိုင်းလ်ပြဿနာကို အကြောင်းပြပြီး အမေရိကန်သို့တင်သွင်းသော တရုတ်ကုန်ပစ္စည်းများအား စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်း ထပ်တိုးကောက်ခံလိုက်ကြောင်း၊ ထို့အပေါ် တရုတ်နိုင်ငံက ပြင်းပြင်းထန်ထန် မကျေနပ်သလို ပြတ်သားစွာဆန့်ကျင်ကြောင်း၊ လိုအပ်သည့် တန်ပြန်အရေးယူမှုများကို လုပ်ဆောင်ပြီး မိမိ၏ တရားဝင် အခွင့်အရေးနှင့် အကျိုးစီးပွားကို အခိုင်အမာ ကာကွယ်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ရပ်တည်ချက်က တစ်သမတ်တည်း ခိုင်မာမှုရှိသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ကုန်သွယ်ရေးစစ်ပွဲ၊ စည်းကြပ်ခွန်စစ်ပွဲတွင် အနိုင်ရသူဟူ၍ မရှိကြောင်း၊ အမေရိကန်နိုင်ငံ၏ တစ်ဖက်သတ် စည်းကြပ်ခွန်ထပ်တိုးကောက်ခံခြင်းလုပ်ရပ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ စည်းမျဉ်းစည်းကမ်းများကို ဆိုးရွားစွာ ချိုးဖောက်ခြင်းဖြစ်ပြီး မိမိ၏ပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်သည့်အပြင် နှစ်ဖက်အတွက် ပို၍အကျိုးမရှိသလို ကမ္ဘာအတွက် အကျိုးမဖြစ်ထွန်းကြောင်း ၎င်းကပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံသည် မူးယစ်ဆေးဝါးတားဆီးတိုက်ဖြတ်ရေးမူဝါဒ အတင်းကျပ်ဆုံးနှင့်အဆုံးတိုင် အကောင်အထည်ဖော်သည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ဖန်တာနိုင်းလ်သည် အမေရိကန်၏ပြဿနာဖြစ်ကြောင်း၊ လူသားချင်းစာနာမှုစိတ်ဓာတ်ကို အခြေခံ၍ တရုတ်နိုင်ငံသည် ဖန်တာနိုင်းလ်ပြဿနာ အမေရိကန် ကိုင်တွယ်ဖြေရှင်းမှုအပေါ် အားပေးပံ့ပိုးခဲ့ကြောင်း၊ အမေရိကန်၏တောင်းဆိုချက်အရ တရုတ်နိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် ဖန်တာနိုင်းလ်အမျိုးအစား ဒြပ်ပစ္စည်း အမျိုးအစားတစ်ခုလုံးကို ထိန်းချုပ်ပစ္စည်း၌ ထည့်သွင်းသည်ဟု ကြေညာခဲ့ရာ ဖန်တာနိုင်းလ်အမျိုးအစား ဒြပ်ပစ္စည်း အမျိုးအစားတစ်ခုလုံးကို ထိန်းချုပ်ပစ္စည်းအဖြစ် ထည့်သွင်းခဲ့သည့် ကမ္ဘာ့ပထမဆုံးနိုင်ငံဖြစ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် အမေရိကန်နှင့်အတူ မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပြီး သိသာထင်ရှားသည့် အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ယင်းမှာ မျက်မြင်ထင်ရှားဖြစ်ကြောင်း၊ ဖန်တာနိုင်းလ်ပြဿနာအပေါ် အမေရိကန်အနေဖြင့် အခြားနိုင်ငံကိုထစ်ခနဲ့ဆိုလျှင် စည်းကြပ်ခွန်ဖြင့် ခြိမ်းခြောက်ရမည်မဟုတ်

ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ၊ ဆင်ခြင်မှုရှိစွာ ရှုမြင်စီမံသင့်ကြောင်း၊ စည်းကြပ်ခွန် ထပ်တိုးသည့်လုပ်ရပ်သည် အပြုသဘောဆောင်မှု မရှိကြောင်း၊ ယင်းမှာ နှစ်နိုင်ငံ၏ အနာဂတ်မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုအပေါ် သက်ရောက်မှုနှင့်ထိခိုက်မှုရှိစေမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် မှားယွင်းသည့် လုပ်ဆောင်ချက်များကို ပြင်ဆင်ရန်၊ တရုတ်-အမေရိကန် မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုမှ ခဲယဉ်းစွာရရှိလာသည့် ကောင်းမွန်သော အခင်းအကျင်းကို ကာကွယ်ထိန်းသိမ်းရန်၊ တရုတ်-အမေရိကန်ဆက်ဆံရေး တည်ငြိမ်ကောင်းမွန်၍ စဉ်ဆက်မပြတ်တိုးတက်ရေးကို တွန်းအားပေးရန် တရုတ်နိုင်ငံက တိုက်တွန်းကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

**Source:** https://xinhuamyanmar.com/mm-cn/nc –252302/

## STOCK EXCHANGE (4.2.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Feb. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,226 (Shares) | 37,788,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | -100 | -1.33% | 7,400 | 7,400 | 7,400 | 1,262 | 9,338,800 | 33,109,694 | 245,012 |
| MTSH | 00002 | 3,000 | -100 | -3.23% | 3,050 | 3,050 | 3,000 | 5,310 | 15,935,000 | 38,929,150 | 116,788 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 71 | 589,300 | 10,400,986 | 86,328 |
| FPB | 00004 | 1,750 | -50 | -2.78% | 1,800 | 1,800 | 1,750 | 3,706 | 6,485,800 | 29,664,613 | 51,913 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 0 | 0 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 508 | 815,100 | 19,977,223 | 32,962 |
| AMATA | 00007 | 3,900 | +0 | +0.00% | 3,800 | 3,900 | 3,700 | 527 | 2,001,900 | 10,497,598 | 40,941 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,200 | 3,200 | 3,100 | 842 | 2,622,200 | 23,804,946 | 73,795 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 4th Feb. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.17 | -5.15 | -1.39% | 365.90 | 367.16 | 365.17 | 12,226 | 37,788,100 | 8 | 688,773 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 4th Feb. 2025

| Trading Volume | Trading Value |
|---|---|
| 12,227 (Shares) | 37,791,100 (MMK) |

## Main Board

As of 1:00 pm, 4th Feb. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,226 (Shares) | 37,788,100 (MMK) |

| MYANPIX | 365.17 ▼ 5.15 |
|---|---|
| Total Volume (shares) | 12,226 |
| Total Value (MMK) | 38 mil |
| Listed Company | 8 |
| Market Cap. (MMK) | 688,773 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▼ 100 |
| MTSH | 00002 | 3,000 | ▼ 100 |
| MCB | 00003 | 8,300 | ▼ 100 |
| FPB | 00004 | 1,750 | ▼ 50 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,900 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |